

# EVER FLOW RIVER GROUP
## PUBLIC CO., LTD.

ထာဝရနန္ဒီအုပ်စု ကုမ္ပဏီများ (အများနှင့်သက်ဆိုင်သော) လီမိတက်



## E.F.R ဆိုသည်မှာ

E.F.R သည် စီးပွားရေးလုပ်ငန်း ယူနစ် (၆)ခု၊ စီမံချက် (၅)ရပ်၊ နှင့် လက်အောက်ခံ စီးပွားဖက်ယူနစ် (၂)ရပ် တို့နှင့် ပေါင်းစပ်ပြီး E.F.R ကုမ္ပဏီများအုပ်စု၏ စီမံခန့်ခွဲမှုအောက်တွင် ဝန်ထမ်း ၄၀၀ ကျော် ခန့်ထားပြီး အောင်မြင်စွာဆောင်ရွက်နေသည့် Total Logistics Service Provider ဖြစ်သည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံရင့်သည့် စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများသည် Supply Chain တစ်လျှောက်မှ ကျွန်တော်တို့၏ Customer များလိုအပ်သော ဝန်ဆောင်မှုများကို ပေးလျှက်ရှိပါသည်။ ကျွန်တော်တို့သည် ထောက်ပံ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းများသာမက ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများတည်ဆောက်ရေး စသည့်လုပ်ငန်းများစွာကိုလည်း ဖြန့်ကျက်လုပ် ကိုင်လျှက်ရှိပါသည်။



## ကျွန်တော်တို့၏ ရည်မှန်းချက်

ကျွန်တော်တို့၏ ရည်မှန်းချက်မှာ ပြည်တွင်းဖြစ်စေ၊ ကမ္ဘာတွင်ဖြစ်စေ မိမိတို့ပါဝင်လုပ်ကိုင်သော မည်သည့်လုပ်ငန်းတွင်မဆို ခေါင်းဆောင်ဖြစ်ရေးနှင့် မိမိတို့နိုင်ငံတိုးတက်ရေးကို အကျိုးဆောင်နိုင်သော စစ်မှန်သည့် နိုင်ငံသားတစ်ယောက်ဖြစ်ရေးတို့ ဖြစ်သည်။

## ကျွန်တော်တို့၏ လုပ်ငန်းတာဝန်

ကျွန်တော်တို့သည် ခေတ်မီနည်းပညာများဖြင့် ငယ်ရွယ်စွမ်းအားပြည့်ဝ အရည်အချင်းပြည့်မီသော စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများမှ အဆင့်မြင့်မားသည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများပေးရန်ဖြစ်ပါသည်။ ကျွန်တော်တို့သည် မျှတမှုနှင့် တရားမျှတမှုကို ယုံကြည်ပြီး ကျွန်တော်တို့၏ Stakeholder များအားလုံး ကျိုးကြောင်းဆီလျော်ကျေနပ်မှုကို ရရှိစေရန်ဖြစ်ပါသည်။

# EVER FLOW RIVER GROUP PUBLIC CO., LTD.

## BUSINESS UNIT

- E.F.R - G Link Express Services Ltd. (EFRGLE)
- Myanmar Round The World Logistics Limited. (MRTW)
- Unison Choice Services Limited. (UCSL)
- Ever First International Logistics & Customs Services Co., Ltd. Myanmar Elite Logistics Co., Ltd. (3PL/4PL Service)
- Gold Shipping Agency Services Limited. (GSASL)
- Ever Flow River Trading Co., ltd. (EFR Trading)
- MRTW Manufacturing & Inspection Co., Ltd. (MRTW Inspection)
- Eravati Myanmar Co., Ltd.
- Multipack Engineering Services Limited. (Multipack)

## PROJECT

- E.F.R Logistics & Distribution Centre (Mandalay) Co., Ltd. (EFRLDCMDY)
- Hlaing Inland Terminal & Logistics Co., Ltd. (HITLC)
- A Logistics Company Limited. (A Log)
- E.F.R Logistics & Distribution Centre (Muse)
- E.F.R Logistics & Distribution Centre (Myawaddy)
- E.F.R Logistics & Distribution Centre (Kyauk Phyu)
- E.F.R Logistics & Distribution Centre (Tamu)

## ASSOCIATE

- KAMIGUMI-E.F.R Logistics (Myanmar) Co., Ltd.

# E.F.R လုပ်ဆောင်မှုများ




## အလုံးစုံသယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲရေး ဝန်ဆောင်မှုများ

- သင်္ဘောတင်ပို့ခြင်း
- လေကြောင်းကုန်စည်
- နိုင်ငံတကာကုန်စည်ပို့ဆောင်ခြင်း
- အကောက်ခွန်ရှင်းလင်းပေးခြင်း
- ပြည်တွင်းသယ်ယူပို့ဆောင်ရေး (ပြည်တွင်း ရေကြောင်း၊ ရထား၊ ကား)
- သိုလှောင်ခြင်း၊ ဖြန့်ချိခြင်း
- တိုင်းတာစစ်ဆေးခြင်း
- သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှု အင်ဂျင်နီယာလုပ်ငန်း
- အာမခံ

## သယ်ယူပို့ဆောင်ရေးစီမံမှု အခြေခံအဆောက်အအုံတည်ဆောက်ရေး

- ကုန်းတွင်းဆိပ်ကမ်း
- ကုန်းတွင်းကုန်သေတ္တာစခန်း
- ဆိပ်ကမ်းများ
- သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုအချက်များ

## ကုန်သွယ်ခြင်း

- ကုန်သွယ်ရေး
- ကုန်သွယ်ငွေကြေးစိုက်ထုတ်ခြင်း



## အလုံးစုံသယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲရေး ဝန်ဆောင်မှုများ

EFR သည် သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲရေးလုပ်ငန်းတွင် နှစ်ပေါင်း ၂၆ ကျော်အတွေ့အကြုံရှိသော စီမံအုပ်ချုပ်သူများ ခေါင်းဆောင်သည့် အတွေ့အကြုံရင့်ဝန်ထမ်းများဖြင့် အပြည့်အဝပေါင်းစပ်ထားသည့် အလုံးစုံသယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲရေးဝန်ဆောင်မှုများကို ပေးလျှက်ရှိပါသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ Customer များအား အထိရောက်ဆုံး အလုံးစုံသယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှု ဝန်ဆောင်မှုများ ပေးလျှက်ရှိပါသည်။ ကျယ်ပြန့်သောကွန်ရက်နှင့် ကမ္ဘာ့အဆင့်မီ ကုန်သေတ္တာတင်သင်္ဘောလိုင်းများ၊ လေကြောင်းလိုင်းများနှင့် နှစ်ပေါင်း ၂၆ အတွေ့အကြုံတို့ကိုပေါင်းစပ်ပြီး ကျွန်တော်တို့သည် ကျွန်တော်တို့၏ Customer များ၏ ကုန်စည်သယ်ယူပို့ဆောင်ရေးလိုအပ်ချက်များ အတွက် ထိရောက်သော ဖြေရှင်းဆောင်ရွက်မှုများပေးရန် အသင့်ရှိပါသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ Customer များအား ပိုမို အဆင့်မြင့်မားသည့် ဝန်ဆောင်မှုများပေးပြီး လိုအပ်သည့်အချိန်အခါများတွင် လိုအပ်သောဖြေရှင်းဆောင်ရွက်မှုပေးရန် ဆုံးဖြတ်ထားသည်။

- သင်္ဘောတင်ပို့ခြင်း
- လေကြောင်းကုန်စည်
- နိုင်ငံတကာကုန်စည်ပို့ဆောင်ခြင်း
- အကောက်ခွန်ရှင်းလင်းပေးခြင်း
- ပြည်တွင်းသယ်ယူပို့ဆောင်ရေး (ပြည်တွင်း ရေကြောင်း၊ ရထား၊ ကား)
- သိုလှောင်ခြင်း၊ ဖြန့်ချိခြင်း
- တိုင်းတာစစ်ဆေးခြင်း
- သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှု အင်ဂျင်နီယာလုပ်ငန်း



## နိုင်ငံတကာ ကုန်စည်ပို့ဆောင်မှုလုပ်ငန်း

E.F.R သည် နိုင်ငံတကာအသိအမှတ်ပြု ကုန်စည်ပို့ဆောင်ရေး ကွန်ရက်များနှင့် ခိုင်မာစွာချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ထားလျှက်ရှိပြီး ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကိုရရှိထားပြီး နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ သယ်ယူပို့ဆောင်ခြင်း ဝန်ဆောင်မှုများ ပေးလျှက်ရှိပါသည်။

## E.F.R ၏ ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်ခြင်း
- လေကြောင်းသယ်ယူပို့ဆောင်ခြင်း
- တဆင့်ခံနှင့် နယ်စပ်ကုန်သွယ်ရေး သယ်ယူပို့ဆောင်ခြင်း
- ဘက်စုံသယ်ယူပို့ဆောင်ခြင်း
- ကမ္ဘာတဝှမ်းခရီးစဉ်များအတွက် FCL and LCL Consolidation
- ရေယာဉ်စင်းလုံးငှားခြင်း၊ ကုန်သေတ္တာမဲ့ သယ်ယူပို့ဆောင်ခြင်းနှင့် ဆိပ်ကမ်းကပ်သင်္ဘောများအတွက် ဝန်ဆောင်မှုများပေးခြင်း
- အဝတ်အထည်များ သိပ်သည်းအောင်ပြုလုပ်ပေးခြင်း Garment Consolidation နှင့် ရေကြောင်း လေကြောင်း သယ်ယူပို့ဆောင်မှုများအတွက် အဝန်ချိတ်ဆွဲနိုင်သော ကုန်သေတ္တာများ တည်ဆောက်ပေးခြင်း
- ပြည်တွင်းပြည်ပ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးခြင်း
- ပြပွဲနှင့် ကုန်သွယ်ရေးပွဲတော်များ ကျင်းပပေးခြင်း
- စီမံကိန်းကုန်စည် ကိုင်တွယ်ဖြေရှင်းခြင်း

## ကျွန်တော်တို့သည် အောက်ပါအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များလည်းဖြစ်ပါသည်။

- MMMDA (Myanmar Mercantile Marine Development Association)
- MIFFA (Myanmar International Freight Forwarder's Association)
- UMFCCI (Union of Myanmar Federation of Chambers of Commerce and Industry)




# ပြည်တွင်းသယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့သည် Customer များ၏ ကုန်စည်အမျိုးအစားအားလုံးအတွက် ပြည်တွင်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို မြန်မာနိုင်ငံအတွင်း ကား၊ ရထား၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးတို့ဖြင့် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

နိုင်ငံတကာအသိအမှတ်ပြု အာမခံနှင့်ခြေရာခံစနစ်တို့ကိုအသုံးပြု၍ သမားရိုးကျသယ်ယူပို့ဆောင်ရေးနည်းလမ်းများမှခွဲထွက်ပြီး Customer များ၏ လိုအပ်ချက်နှင့်ရွေးချယ်မှုအလိုက် အရည်အသွေးမီသော ဝန်ဆောင်မှုပေးနိုင်ခြင်းဖြစ်ပါသည်။

E.F.R သည် မြန်မာနိုင်ငံကုန်သေတ္တာထရပ်ကားများအသင်းတွင် တက်ကြွစွာပါဝင်နေသော အဖွဲ့ဝင်လည်း ဖြစ်ပါသည်။




## သိုလှောင်ခြင်းနှင့် ဖြန့်ချိခြင်း

E.F.R သည် ခေတ်မီကုန်လှောင်အဆောက်အအုံ၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နှုန်းထား၊ စနစ်ကျသော သိုလှောင်မှုစနစ်နှင့် ကုန်စည်စီမံခန့်ခွဲမှုတို့အပြင် ကျွန်တော်တို့ Customer များ၏ ကုန်စည်စနစ်များနှင့်ကိုက်ညီမှုရှိစေရန် ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင် E.F.R သည် ကုန်စည်များကို တနိုင်ငံလုံးသို့ ဖြန့်ချိခြင်းဝန်ဆောင်မှုများလည်း ပေးလျှက်ရှိပါသည်။



## အကောက်ခွန်ရှင်းလင်းရေး ဝန်ဆောင်မှုများ

ကျွန်တော်တို့၏ ကောင်းစွာလေ့ကျင့်ထားသော အကောက်ခွန်ရှင်းလင်းရေး အထူးကျွမ်းကျင်သူများသည် အောက်ပါဝန်ဆောင်မှုများကို ပေးရန် ကျွန်တော်တို့၏ Customer များနှင့် အနီးကပ်လုပ်ဆောင်လျှက်ရှိပါသည်။

- ကုန်သွယ်ရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ပေးခြင်း
- တန်ဖိုးဖြတ်ခြင်း၊ တွက်ချက်ခြင်းနှင့် အခွန်နှင့်အကောက်ခွန်များပေးရန်အတွက် ဆောင်ရွက်ပေးခြင်း စသည့် အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းစဉ်အတွက် မြန်မာအကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းပေးခြင်း
- ဆိပ်ကမ်းများနှင့် တာမင်နယ်များတွက် ကုန်စည်ရှင်းလင်းခြင်းကို ဆောင်ရွက်ပေးခြင်း
- ကုန်စည်ရှင်းလင်းမှုပြသခြင်း
- နယ်စပ်ကုန်သွယ်ရေး အကောက်ခွန်ရှင်းလင်းခြင်း
- စီမံကိန်းကုန်စည်တင်သွင်းခြင်းအတွက် အခွန်ကင်းလွတ်ခွင့်ဆောင်ရွက်ပေးခြင်း
- အကောက်ခွန်ရှင်းလင်းခြင်းအတွက် လိုအပ်သောအခြားကိစ္စများ

ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်မှုကြောင့် သင့်တော်သည့်အချိန်အတွင်း ဆီလျှော်သောကုန်ကျစရိတ်ဖြင့် ကျွန်တော်တို့ Customer များ၏ ကုန်စည်စီးဆင်းမှုကို ချောမွေ့စေပါသည်။



## အထည်နှင့် အခြားပို့ဆောင်ရေးဆိုင်ရာများ ဆန်းစစ်ခြင်းနှင့် စစ်ဆေးခြင်း

မြန်မာနိုင်ငံအတွင်း လက်ရှိအချိန်တွင် အထည်ချုပ်လုပ်ငန်းသည် စတင်၍ပွင့်လန်းလျက်ရှိနေပြီး မြန်မာပြည်တွင်ထုတ်လုပ်သည့် အထည်ချုပ်များ ရေရှည်အရည်အသွေးရှိလာစေရန်နှင့် အရည်အသွေး ဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်အလို့ငှာ E.F.R သည် အရည်အသွေး ထိန်းချုပ်ရေးဌာန တည်ထောင်ခဲ့သည်။ E.F.R သည် မိမိ၏ အရည်အသွေးစစ်ဆေးမှုစံနှုန်းကို ဂျပန်အဆင့်နှင့်အညီ တန်းညှိထားပါသည်။ အထည်ချုပ် စစ်ဆေးရေးလုပ်ငန်းများအပြင် E.F.R သည် နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့အစည်းများ ကျွမ်းကျင်သူများနှင့်ပေါင်းစပ်ညှိနှိုင်း၍ အခြားသောကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးဆိုင်ရာပစ္စည်းများအား ဆန်းစစ်ခြင်းနှင့် စစ်ဆေးခြင်း (Survey and Inspection) ကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။



## သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာလုပ်ငန်း

E.F.R သည် Customer များ၏ ပို့ကုန်နှင့်သွင်းကုန် သင်္ဘောတင်ပို့မှုအတွက် အာမခံလိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက် နိုင်ငံတကာ အာမခံကုမ္ပဏီများနှင့် အေဂျင်စီများနှင့်လည်း အဆက်အသွယ်ရှိပါသည်။ ထို့အပြင် ကျွန်တော်တို့သည် E.F.R အောက်ရှိ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ အားလုံးအတွက် အကန့်အသတ်ဖြင့် အာမခံအကာအကွယ်ရှိသောကြောင့် ကျွန်တော်တို့ Customer များအားလုံးအတွက် ဘေးအန္တရာယ်ကိုစီမံခန့်ခွဲရန် ပြင်ဆင်ထားလျှက်ရှိပါသည်။ သယ်ယူပို့ဆောင်ရေး အင်ဂျင်နီယာဌာနအောက်တွင် ရရှိနိုင်သောဝန်ဆောင်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ✪ သယ်ယူပို့ဆောင်မည့် ကုန်များအတွက် ထုတ်ပိုးမှုအမျိုးအစားအားလုံးကို ပုံစံထုတ်ရန်နှင့်တည်ဆောက်ရန်
- ✪ GOH ကုန်သေတ္တာနှင့် စတီးတည်ဆောက်ရေးလုပ်ငန်းများ
- ✪ စက်ရုံများတည်ဆောက်ခြင်း (ဒီဇိုင်းနှင့်တပ်ဆင်ခြင်း)စီမံကိန်း စီမံခန့်ခွဲမှုနှင့်သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း
- ✪ စက်မှု၊ လျှပ်စစ် နှင့် ပိုက်လိုင်းပုံစံထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်း
- ✪ စီမံကိန်းသယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှု
- ✪ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း

ကျွန်တော်တို့တွင် Customer များကို ကျေနပ်မှုရရှိစေရန် လိုအပ်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် အဆင့်မြင့်နည်းပညာနှင့် ကိရိယာ အသုံးပြုသည့် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများစွာ ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။



## ကုန်သွယ်မှုငွေကြေးပံ့ပိုးခြင်း၊ ဘဏ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်းလိုအပ်ချက်အဆင့်ဆင့်ဝန်ဆောင်မှု

E.F.R သည် ကုန်သွယ်မှုငွေကြေးပံ့ပိုးခြင်း၊ ဘဏ်လုပ်ငန်း၊ ပို့ကုန်နှင့်သွင်းကုန် လုပ်ငန်းလိုအပ်ချက်အဆင့်ဆင့် ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာဗဟုသုတများစွာရယူထားပြီး E.F.R ၏ ခိုင်မာသော နိုင်ငံတကာအဆက်အသွယ်နှင့်ကွန်ရက်အဖွဲ့သည် ကျွမ်းကျင်မှုဖြင့် ကုန်ဝယ်ယူသူများနှင့် ကုန်ရောင်းချသူများကို ဆက်သွယ်ပေးနိုင်သည့် ဝန်ဆောင်မှုများပေးလျှက်ရှိပါသည်။ ကျွန်တော်တို့သည် ကုန်သွယ်ရေးအတွက်လိုအပ်သော လုပ်ငန်းအဆင့်ဆင့်၊ နိုင်ငံတကာကုန်သွယ်မှု ငွေကြေးပံ့ပိုးခြင်းနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။




## အမျိုးသား သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲနိုင်ငံများ၊ အခြားနိုင်ငံများနှင့်ပိုမိုနီးကပ်သော စီးပွားရေး ဆက်ဆံရေးထူထောင်ရန် ပြုလုပ်လျှက်ရှိရာတွင် E.F.R ကုမ္ပဏီများအုပ်စုသည် စီးပွားရေးတိုးတက်မှု အလားအလာများနှင့်အညီ မြန်မာနိုင်ငံတွင် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများတည်ဆောက်ရန် အမျိုးသားအဆင့် Project များ စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

# EVER FLOW RIVER GROUP PUBLIC CO., LTD.

## ထာဝရနန္ဒီအုပ်စု ကုမ္ပဏီများ (အများနှင့်သက်ဆိုင်သော) လီမိတက်

YOUR TRUSTED LOGISTICS PARTNER IN MYANMAR

---


အမှတ် (၉၄၁)၊ ရှုခင်းသာမြို့ပတ်လမ်းနှင့် မြို့မ (၁၁)လမ်းထောင့်၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

ဖုန်း – ၀၉ ၈၈၉၉ ၄၈၈ ၉၀၊ ၀၁ ၅၄၄၀ ၇၆၊ ၀၁ ၅၄၄၀ ၇၇

Web: www.efrgroupmyanmar.com \\ Facebook: www.facebook.com/efrgroup